နိုင်ငံခြားသားများအတွက်လမ်းညွှန်စာအုပ်

မြန်မာဘာသာ

（ミャンマー語）

# နီအီဟာမမြို့မှကြိုဆိုပါတယ်

Hello! NEW 新居浜

# မာတိကာ

●နိုအိဟမမြို့သည်ဒီလိုမျိုးနေရာ..........................................................................စာမျက်နှာ(၁)

●နိုအိဟမမြို့ကိုလာရင်အရင်ဆုံးလုပ်ရမယ့်အရာ................................................စာမျက်နှာ(၃)

အပြောင်းအရွှေ့လုပ်ထုံးအဆင့်ဆင့်/ရေမီတာလုပ်ထုံးအဆင့်ဆင့်/နိုင်ငံတော်ပင်စင်/

နိုင်ငံသားကျန်းမာရေးအာမခံ

●နေထိုင်မှုသတင်းအချက်အလက်........................................................................စာမျက်နှာ(၆)

အမှိုက်ပစ်နည်း/ဆေးရုံဆေးခန်း/အလုပ်အကိုင်/ယာဉ်စည်းကမ်း/ကိုယ်ဝန်ဆောင်ခြင်း၊

မီးဖွားခြင်း/ကလေးထိန်းကျောင်း၊မူကြိုကျောင်း/မူလတန်း၊အလယ်တန်းကျောင်း/

ဂျပန်ဘာသာသင်တန်း

●အရေးပေါ်သဘာဝဘေးအန္တရာယ်.................................................................စာမျက်နှာ(၁၂)

အရေးပေါ်အချိန်/မိုးကြီးနေစဉ်/ငလျင်လှုပ်နေစဉ်

●အခက်တွေ့ချိန်တွင်တိုင်ပင်ဆွေးနွေးနိုင်မည့်နေရာ.......................................စာမျက်နှာ(၁၄)

နိုအိဟမမြို့နိုင်ငံတကာနှီးနှောဖလှယ်ရေးအဖွဲ့အစည်း

## နိအိဟမမြို့ကဒီလိုမျိုးနေရာ

နိအိဟမမြို့၏လူဦးရေသည်ပျမ်းမျှ၁သိန်း၁သောင်းရှိသည်။

တောင်တန်းနှင့်ပင်လယ်တွေရှိတဲ့သဘာဝအလှတွေပေါများတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။




နွေရာသီမှာမီးပန်းပွဲတော်ရှိပြီးဆောင်းဦးမှာဗုံတီးတဲ့ပွဲတော်ရှိပါတယ်။

ဘဲ့ရှိ(Besshi)ကြေးနီတွင်း၏စက်မှုအမွေအနှစ်ကနာမည်ကြီးတယ်။

စားစရာမှာဆိုရင်ဖုဂုဇဂု(ငါးနှင့်ကြက်သွန်မြိတ်)၊ဇန်းခိ(ကြက်ကြော်)နှင့်

ရှိချိဖုခုအိမို(အာလူး)ကနာမည်ကြီးတယ်။








ဆက်ဆက်, နိအိဟမမြို့ကိုလာရောက်လည်ပတ်ပါ။

## နိုအိဟာမမြို့ကိုလာရင်အရင်ဆုံးလုပ်ရမယ့်အရာ


### ■အပြောင်းအရွှေ့လုပ်ထုံးအဆင့်ဆင့်(နေထိုင်သူမှတ်ပုံတင်ခြင်း)

နိုအိဟာမမြို့ကိုစရောက်ပြီး နောက်၁၄ရက်အတွင်းမှာလုပ်ထုံးအဆင့်ဆင့်ကိုလုပ်ဆောင်ပါ။

လုပ်ထုံးအဆင့်ဆင့်အတွက် လိုအပ်သောအရာ

- ပြည်ပမှနိုအိဟာမသို့
  - ① နိုင်ငံကူးလက်မှတ်
  - ② နေထိုင်ခွင့်ကဒ်
- ပြည်တွင်းမှနိုအိဟာမသို့
  - ① ရွှေ့ပြောင်းခွင့်လက်မှတ်
  - ② နေထိုင်ခွင့်ကဒ်
  - ③ My number ကဒ် (လက်ဝယ်ရှိသူသာလျှင်)




မေးမြန်းစုံစမ်းရန်: မြို့နယ်ရုံး နေထိုင်သူများဌာန(၀၈၉၇-၆၅-၁၂၃၂)

※my numberကဒ်အကြောင်းအသေးစိတ်သိလိုပါက

My number ဝက်ဆိုဒ်တွင်အတည်ပြုစုံစမ်းပါ။

### ■(ရေမီတာလုပ်ထုံးအဆင့်ဆင့်)

ရေမီတာအသစ်ကိုအသုံးပြုလိုသည့်အခါ သုံးစွဲသူစင်တာကိုဆက်သွယ်ပါ။

စုံစမ်းမေးမြန်းရန်: သုံးစွဲသူစင်တာ (၀၈၉၇-၆၅-၁၃၃၁)

■နိုင်ငံတော်ပင်စင်

နိုင်ငံသားပင်စင်ကဂျပန်မှာနေထိုင်တဲ့အသက်၂၀မှ၆၀အထိအားလုံးပါဝင်ရတဲ့အရာဖြစ်တယ်။

စုံစမ်းမေးမြန်းရန်: မြို့နယ်ရုံး နေထိုင်သူဌာန (၀၈၉၇-၆၅-၁၂၃၂)

■နိုင်ငံသားကျန်းမာရေးအာမခံ

ကုမ္ပဏီမှာကျန်းမာရေးအာမခံဝင်မထားပြီးနေထိုင်ခွင့်သက်တမ်း၃လကျော်သွားတဲ့သူတွေကနိုင်ငံသားကျန်းမာရေးအာမခံ ဝင်ကိုဝင်ရမယ်။

စုံစမ်းမေးမြန်းရန်: မြို့နယ်ရုံး အမျိုးသားကျန်းမာရေးအာမခံဌာန (၀၈၉၇-၆၅-၁၂၃၀)

## နေထိုင်မှုသတင်းအချက်အလက်

■အမှိုက်ပစ်နည်း

နီအိဟမမြို့မှာဆိုရင် အမှိုက်အမျိုးအစား ၁၀မျိုးခွဲထားပါတယ်။ ပြီးတော့ အဲ့လိုခွဲခြားပြီး မပစ်လို့မရပါဘူး။

နေထိုင်နေတဲ့နေရာပေါ်မူတည်ပြီး ပစ်ရမည့်ပစ္စည်း(အမျိုးအစား)နှင့် နေ့ရက် ကွဲပါတယ်။

နိုင်ငံခြားဘာသာဖြင့် အမှိုက်ခွဲခြားနည်း လက်ကမ်းစာစောင်ရှိပါတယ်။

(ဗီယက်နမ်ဘာသာ၊ပေါ်တူဂီဘာသာ၊မလေးရှားဘာသာ၊အင်္ဂလိပ်ဘာသာ၊ကိုရီးယားဘာသာ၊တရုတ်ဘာသာ၊ အင်ဒိုနီးရှားဘာသာ၊ မြန်မာဘာသာ၊ လွယ်ကူသောဂျပန်ဘာသာ)

စုံစမ်းမေးမြန်းရန်: မြို့နယ်ရုံး စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးဌာန(၀၈၉၇-၆၅-၁၂၅၂)



■ဆေးရုံဆေးခန်း

ဆေးရုံဆေးခန်းသွားရာတွင် ကျန်းမာရေးအာမခံကဒ် သို့မဟုတ် my numberကဒ် (ကျန်းမာရေးအာမခံကဒ်အနေနဲ့အသုံးပြုဖို့စာရင်းသွင်းနိုင်တဲ့ပစ္စည်း)နှင့် ပိုက်ဆံကိုယူသွားပါ။

ဆေးရုံကမဖွင့်တဲ့အချိန်မှာကျန်းမာရေးအခြေနေဆိုးရွားလာပါကနီအိဟမမြို့ဆရာဝန်များအဖွဲ့အထွေထွေဆေးပညာဌာန၊ ကလေးအထူးကုဌာန အရေးပေါ်လူနာစင်တာ (၀၈၉၇-၃၂-၅၆၅၈)သို့ ဖုန်းဆက်ပါ။

လူနာတင်ကားခေါ်ရမလား၊ ဆေးရုံသွားရမလားဝေဝါးနေတဲ့အချိန်မှာ အဲဟိမဲအရေးပေါ်ဆွေးနွေးတိုင်ပင်ရေး(#၇၁၁၉)သို့ ဖုန်းဆက်ပါ။

■အလုပ်အကိုင်

အလုပ်အကိုင်ရှာချင်တဲ့အခါမှာ hello work နိအိဟာမသို့ တိုင်ပင်ဆွေးနွေးပါ။

စုံစမ်းမေးမြန်းရန်: hello work နိအိဟာမ(၀၈၉၇-၃၄-၇၁၀၀)

■ယာဉ်စည်းကမ်း

ဂျပန်မှာဆိုရင် လမ်းသွားလမ်းလာများက လမ်း၏လက်ယာဘက်မှသွားရပြီး ကား၊

ဆိုင်ကယ်၊ စက်ဘီးများသည် လက်ဝဲဘက်မှဖြတ်သန်းသွားလာရသည်။

လမ်းလျှောက်နေသောလူများသည် ဦးစားပေးဖြစ်သည်။

လက်ကိုင်ဖုန်းအသုံးပြုရင်း မောင်းနှင်ခြင်းနှင့် အရက်သောက်ပြီး မောင်းနှင်ခြင်းများသည်

လုံးဝလုပ်လို့မရပါ။

စုံစမ်းမေးမြန်းရန်: နိအိဟာမရဲတပ်ဖွဲ့(၀၈၉၇-၃၅-၀၁၁၀)

■ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း

ကိုယ်ဝန်ရှိတာကိုသိတာနဲ့ ကျန်းမာရေးစင်တာကိုသွားပြီး မိခင်နှင့်ကလေးကျန်းမာရေး

လမ်းညွှန်စာအုပ်ကို ရယူပါ။

စုံစမ်းမေးမြန်းရန်: နိအိဟာမမြို့ကျန်းမာရေးစင်တာ(၀၈၉၇-၃၅-၁၁၀၁)

■ကလေးထိန်းကျောင်း၊ မူကြိုကျောင်း

ကလေးထိန်းကျောင်းဝင်ခွင့်နှင့်ပတ်သက်ပြီးသိရှိလိုပါက ကလေးသူငယ်စောင့်ရှောက်ရေး

ဌာနကိုမေးမြန်းပါ။

စုံစမ်းမေးမြန်းရန်: မြို့နယ်ရုံး ကလေးသူငယ်စောင့်ရှောက်ရေးဌာန(၀၈၉၇-၆၅-၁၅၈၂)

မူကြိုကျောင်းဝင်ခွင့်နှင့်ပတ်သက်ပြီး သိရှိလိုပါက မူကြိုကျောင်းအသီးသီးကို မေးမြန်းပါ။

■မူလတန်းကျောင်း၊ အလယ်တန်းကျောင်း

မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့်ပတ်သက်ပြီး သိရှိလိုပါက

ကျောင်းပညာရေးဌာန ကို မေးမြန်းပါ။

စုံစမ်းမေးမြန်းရန်: မြို့နယ်ရုံးကျောင်းပညာရေးဌာန(၀၈၉၇-၆၅-၁၃၀၁)

■ဂျပန်ဘာသာသင်တန်း

နိုင်ငံခြားသားများဂျပန်စာလေ့လာဖို့သင်တန်းများရှိသည်။

① နေ့ရက် : အပတ်တိုင်း၏ အင်္ဂါနှင့်ကြာသပတေး

အချိန်:၁၉:၃၀နာရီ~၂၁:၀၀နာရီ

နေရာ: Fureai ပလာဇာ ဒုတိယထပ် စာသင်ခန်း(၁)

နိအိဟာမမြို့နယ်၊တကကိုမြို့၂-၆၀

သင်တန်းကြေး: အခမဲ့

② နေ့ရက် : အပတ်တိုင်း၏ စနေနေ့နှင့်တနင်္ဂနွေ

အချိန်:၉:၃၀နာရီ~(အချိန်ကိုဆွေးနွေးပေးပါ)

နေရာ: နိအိဟာမမြို့နိုင်ငံတကာနီးနှောဖလှယ်ရေးအဖွဲ့အစည်း

နိအိဟာမမြို့ ရှိဂဲမိုတိုမြို့၈-၆၅

သင်တန်းကြေး: အခမဲ့

လျှောက်လွှာတင်ဖို့အတွက် ၁ နှင့် ၂ ဘယ်အတန်းပဲဖြစ်ဖြစ် နိအိဟာမမြို့နိုင်ငံတကာနီးနှော

ဖလှယ်ရေးအဖွဲ့အစည်းကို ဆက်သွယ်ပါ။

(ဖုန်း:၀၈၉၇-၆၅-၁၅၇၉၊ အီးမေးလ်:niihamashikokusai@gmail.com)

# အရေးပေါ်သဘာဝဘေးအန္တရာယ်

## ■အရေးပေါ်အချိန်

မီးလောင်ခြင်း၊ နေမကောင်းဖြစ်ခြင်းနှင့် ဒဏ်ရာရခြင်းကြောင့် အရေးပေါ်ကုသမှုမလုပ်ရင် အသက်အန္တရာယ်စိုးရိမ်ရတဲ့အချိန်မှာ ၁၁၉ကိုဖုန်းဆက်ပြီး အရေးပေါ်ကားခေါ်ပါ။

မတော်တဆမှုယာဉ်တိုက်မှုဖြစ်တဲ့အခါမှာတော့ ၁၁၀ကိုဖုန်းဆက်ပြီး ရဲအဖွဲ့ကိုခေါ်ပါ။

## ■မိုးကြီးနေစဉ်

မိုးကြီးမှုသတိပေးချက်ထုတ်ပြန်ထားတဲ့အခါမိုးကြီးမှုနှင့်အတူမြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်းများ ဖြစ်ပွားနိုင်ပါတယ်။

မလိုအပ်ပဲအပြင်သွားတာမျိုးမလုပ်ပဲ ပြောင်းရွှေ့ဖို့ပြင်ဆင်မှုများလုပ်ပြီး ဘေးကင်းရာသို့ ပြောင်းရွှေ့ပါ။

## ■ငလျင်လှုပ်နေစဉ်

ဂျပန်က ငလျင်လှုပ်တာများတဲ့နိုင်ငံဖြစ်တယ်။

ငလျင်အတွက် နေ့စဉ် ကြိုပြင်ဆင်ထားကြရအောင်။

ငလျင်လှုပ်တဲ့အခါ ပြာယာမခတ်ပဲ ခေါင်းကိုကာကွယ်ပါ။

ခိုင်ခံ့တဲ့စားပွဲအောက်မှာဖြစ်ဖြစ် ဝင်နေပါ။

ချက်ချင်းအပြင်ကိုမထွက်ပါနဲ့။

ဘေးအန္တရာယ်ဆိုင်ရာအချက်လက် အပ်ပလီ

စုံစမ်းရန်:မြို့နယ်ရုံးဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာန(၀၈၉၇-၆၅-၁၂၈၂)

## အခက်တွေ့ချိန်တွင်တိုင်ပင်ဆွေးနွေးနိုင်မည့်နေရာ

■<u>နီအီဟာမမြို့နိုင်ငံတကာနီးနှောဖလှယ်ရေးအဖွဲ့အစည်း</u>

ပြဿနာတစ်စုံတစ်ရာရှိပါက သို့မဟုတ် နားမလည်သောကိစ္စရှိပါက နီအီဟာမမြို့ နိုင်ငံတကာနီးနှောဖလှယ်ရေး အဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးပါ။

≪နီအီဟာမမြို့နိုင်ငံတကာနီးနှောဖလှယ်ရေးအဖွဲ့အစည်း≫

လိပ်စာ: နီအီဟာမမြို့ရှိဂဲမိုတိုမြို့ ၈-၆၅

(နီအီဟာမမြို့မြို့သူမြို့သားများယဉ်ကျေးမှုစင်တာ တိုးချဲ့ဆောင် ပထမထပ်)

ဆက်သွယ်ရန်လိပ်စာ: ဖုန်း ၀၈၉၇-၆၅-၁၅၇၉

FAX ၀၈၉၇-၆၅-၃၁၅၇

အီးမေးလ် niihamashikokusai@gmail.com

အချိန်: တနင်္လာမှသောကြာအထိ ၁၀:၀၀〜၁၇:၃၀

နီအီဟာမမြို့နိုင်ငံတကာနီးနှောဖလှယ်ရေးအဖွဲ့အစည်း Home Page

မြေပုံ:



နီအီဟာမမြို့ဝက်ဆိုဒ်စာမျက်နှာ

နီအီဟာမမြို့တရားဝင်ဖေ့စ်ဘုတ်ပေ့

နီအီဟာမမြို့တရားဝင်LINE

သူငယ်ချင်းလုပ်ရန်

ဒီစာအုပ်ကိုထုတ်ဝေခဲ့တာသည် နီအီဟာမမြို့မြို့သူမြို့သားများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန ဒေသခံအဖွဲ့အစည်းကော်မတီဖြစ်သည်။

ဖုန်း:၀၈၉၇-၆၅-၁၂၁၈ အီးမေးလ်: chiiki@city.niihama.lg.jp

ထုတ်ဝေသည့်နေ့: Reiwa ၆နှစ် ၁၀လ ၁ရက်

※ဒီစာအုပ်၏ဘာသာပြန်သည် နီအီဟာမမြို့နိုင်ငံတကာနီးနှောဖလှယ်ရေးအဖွဲ့အစည်းမှ ပြန်ဆိုသည်။